# ABOUT US

Dai-ichi Life Insurance Myanmar Ltd. သည် ၁၉ဝ၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ယခုအခါ သက်တမ်း (၁၂၂) နှစ်ကျော်ပြီဖြစ်သည့် ဂျပန်နိုင်ငံ၏ ထိပ်တန်းအသက်အာမခံကုမ္ပဏီ Dai-ichi Life Group မှ မြန်မာနိုင်ငံတွင် အသက်အာမခံဝန်ဆောင်မှုများကို ပေးရန် ဖွင့်လှစ်ပေးထားသော ကုမ္ပဏီခွဲတစ်ခု ဖြစ်ပါသည်။

Dai-ichi Life Group သည် ဂျပန်နိုင်ငံတွင် အသက်အာမခံဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ (၃) ခု ရှိကာ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း (၁၀) နိုင်ငံတွင် Customer များနှင့် ၎င်းတို့၏မိသားစုဝင်များကို အနာဂတ်အတွက် အာမခံချက်ရှိသည့် ငွေကြေးအကာအကွယ်များ ရယူနိုင်ရန်အတွက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**၂၀၂၂**

နယူးဇီလန်နိုင်ငံ Partners Group Holdings Limited သည် Dai-ichi Life Group ၏ လက်အောက်ရှိ ကုမ္ပဏီ ဖြစ်လာသည်။

**၂၀၁၅**

အမေရိကန်နိုင်ငံ Protective Life Corporation သည် Dai-ichi Life Group ၏ လက်အောက်ရှိ ကုမ္ပဏီ ဖြစ်လာသည်။




**၂၀၁၀**

Dai-ichi Life Group သည် Tokyo Stock Exchange တွင် စတင် စာရင်းဝင်ခဲ့သည်

**၂၀၀၇**

Dai-ichi Life Vietnam သည် Dai-ichi Life Group ၏ လက်အောက် ရှိ ကုမ္ပဏီဖြစ်လာသည်။

**၂၀၀၇**

Star Union Dai-ichi Life ကုမ္ပဏီကို အိန္ဒိယနိုင်ငံတွင် ထူထောင်သည်။



**၁၉၃၂**

Dai-ichi Life Group သည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံး Life Insurance ကုမ္ပဏီ ဖြစ်လာသည်။

**၂၀၁၉**

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကို ရရှိသည်။

**၂၀၁၉**

Dai-ichi Life Cambodia ကို စတင် ဖွင့်လှစ်သည်။

**၂၀၁၃**

အင်ဒိုနီးရှားနိုင်ငံ Panin Life (ယခု PT Panin Dai-ichi Life) ၏ ရှယ်ယာများကိုဝယ်ယူခဲ့သည်။

**၂၀၀၈**

ထိုင်းနိုင်ငံ OCEAN LIFE ၏ ရှယ်ယာများကို ဝယ်ယူခဲ့သည်။

**၂၀၀၈**

ဩစတြေးလျနိုင်ငံ Tower Australia Group Limited (ယခု TAL) ၏ ရှယ်ယာများကိုဝယ်ယူခဲ့သည်။



**၁၉၇၅**

Dai-ichi Life Group ၏ ပထမဆုံး ပြည်ပရုံးခွဲ ကို အမေရိကန်နိုင်ငံ၌ ဖွင့်လှစ်ခဲ့သည်။



**၁၉၀၂**

ဂျပန်နိုင်ငံ၏ ပထမဆုံးသော Mutual Life Insurance Company ဖြစ်တဲ့ Dai-ichi Mutual Life Insurance Company ကို Mr. Tsuneta Yano မှ စတင်တည်ထောင်ခဲ့သည်။

## ဘဝနောင်ရေး စိတ်အေးစေဖို့
## သင့်ချေးငွေအတွက် အာမခံထားကြစို့




အထပ် (၂၀)၊ ဆူးလေစကွဲအော့ဖစ်(စ်)တာဝါ၊ အမှတ် (၂၂၁)၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
အီးမေးလ် - info@daiichilife.com.mm
အသေးစိတ်စုံစမ်းရန် ၀၉ ၇၇၈၈၀ ၇၀၀၀


**Dai-ichi Credit Life Insurance**

Dai-ichi Life
ထာဝရ သင်နှင့်အတူ

# Credit Life Insurance Plan ဆိုတာ ဘယ်လိုမျိုးလဲ?

ငွေချေးယူသူမှ ရယူထားသော ချေးငွေအမျိုးအစားအားလုံးအတွက် အာမခံအစီအစဉ်ဖြစ်ပါသည်။ ငွေချေးယူသူ သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့လျှင် Credit Life အာမခံအစီအစဉ် ဝယ်ယူထားခြင်းဖြင့် ချေးငွေထုတ်ချေးထားသော အဖွဲ့အစည်းအား ငွေချေးယူသူကိုယ်စား ချေးငွေပြန်ဆပ်ပေးသွားမည်ဖြစ်ပါသည်။

## Dai-ichi Credit Life Insurance ကို ဝယ်ယူသင့်သော အချက်များ

**စိတ်အေးချမ်းသာမှုရခြင်း**
သင်၏ချေးငွေအတွက် အာမခံရယူထားခြင်းဖြင့် စိတ်အေးရခြင်း။

**မိသားစုကို ကာကွယ်စောင့်ရှောက်ခြင်း**
သင်သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းကြောင့် မိသားစုမှ တွေကြုံလာနိုင်မည့်ချေးငွေပြန်ဆပ်ခြင်းဆိုင်ရာ ငွေကြေးပြဿနာများမှ အကာအကွယ်ပေးနိုင်ခြင်း။

**အခွန်သက်သာခွင့်ရရှိခြင်း**
ပေးသွင်းသော အာမခံကြေးများအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရခြင်း။

သင်၏ချေးငွေအတွက် စိတ်ချရစေဖို့ ယနေ့ပဲ စာရင်းသွင်းလိုက်ပါ။

Dai-ichi Life
ထာဝရ သင်နှင့်အတူ

## Dai-ichi Credit Secure


| | |
|---|---|
| အာမခံဝယ်ယူသူ၏ အသက်အပိုင်းအခြား | အသက် ၁၈ - ၆၂ နှစ်<br>(အကျိုးခံစားခွင့် အများဆုံးအသက် သတ်မှတ်ချက် - အသက် ၆၅ နှစ်အထိ) |
| အကျိုးခံစားခွင့် အစီအစဉ် | အာမခံထားသောငွေကို တဖြည်းဖြည်းလျော့ချသည့် ပုံစံ |
| အာမခံ ပေါ်လစီသက်တမ်း | ၃ - ၁၅ နှစ် |
| ပရီမီယံပေးသွင်းမှုပုံစံ | ပရီမီယံတစ်ကြိမ်ပေးပုံစံ |
| ပေါ်လစီအကျိုးခံစားခွင့် | သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့် |
| အာမခံထားသောပမာဏ | ကျပ် ၁,၀၀၀,၀၀၀ မှစတင်ခြင်း |

*အာမခံပေါ်လစီ၏ စည်းကမ်းချက်များအတိုင်းဆောင်ရွက်ပါမည်။

## Dai-ichi Credit Secure - သင်၏ချေးငွေအတွက် အကာအကွယ်ပေးနိုင်မှု

ဥပမာ။ ။ အသက် (၃၀) အရွယ်ရှိ ဦးမောင်မောင်သည် သူ၏ဘဏ်ချေးငွေကို အကာအကွယ်ဖြစ်စေမည့် Dai-ichi Credit Secure ကို ၁၅ နှစ်စာအတွက်ဝယ်ယူခဲ့သည်။ သူ၏ချေးငွေပမာဏမှာ ကျပ်သန်း (၃၀) ဖြစ်ပြီး အတိုးနှုန်းမှာ သတ်မှတ်ထားသော ဘဏ် အတိုးနှုန်းအတိုင်း ဖြစ်သည်။

သူသည် ပရီမီယံ တစ်ကြိမ်ပေးပုံစံဖြစ်သော ၁,၆၃၈,၀၀၀ ကျပ်ကို ပေးဆောင်ထားပြီး အာမခံအကျိုးခံစားခွင့်အနေဖြင့် သူသည် သေဆုံး ခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းခြင်းဖြစ်ပါက ဘဏ်သို့ပေးရန်ကျန်ရှိသော ချေးငွေပမာဏအတွက် အကာအကွယ်ရမည်ဖြစ်သည်။ အကယ်၍သူသည် အာမခံသက်တမ်း ၆ နှစ်ပြည့်ချိန်တွင် သေဆုံးခဲ့ပါက ဘဏ်သို့ ပေးဆောင်ရမည့် ကျန်ရှိနေသော ချေးငွေပမာဏမှာ ကျပ်သန်း ၂၃. ၉၄ ဖြစ်ပြီး ယင်းချေးငွေလက်ကျန်ကို Dai-ichi Credit Secure အစီအစဉ်မှ ပေးဆပ်သွားမည်ဖြစ်ပါသည်။




## Dai-ichi Credit Safe

| | |
|---|---|
| အာမခံဝယ်ယူသူ၏ အသက်အပိုင်းအခြား | အသက် ၁၈ - ၆၄ နှစ်<br>(အကျိုးခံစားခွင့် အများဆုံးအသက် သတ်မှတ်ချက် - အသက် ၆၅ နှစ်အထိ) |
| အကျိုးခံစားခွင့် အစီအစဉ် | ပုံသေအသက်အာမခံထားငွေ ပုံစံ<br>အာမခံထားငွေကို တဖြည်းဖြည်းလျော့ချသည့်ပုံစံ |
| အာမခံ ပေါ်လစီသက်တမ်း | ၁ - ၂ နှစ် |
| ပရီမီယံပေးသွင်းမှုပုံစံ | ပရီမီယံတစ်ကြိမ်ပေးပုံစံ |
| ပေါ်လစီအကျိုးခံစားခွင့် | သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့် |
| အာမခံထားသောပမာဏ | ကျပ် ၁၀၀,၀၀၀ မှစတင်ခြင်း |

*အာမခံပေါ်လစီ၏ စည်းကမ်းချက်များအတိုင်းဆောင်ရွက်ပါမည်။

## Dai-ichi Credit Safe - သင်၏ချေးငွေအတွက် ပိုမိုအကာအကွယ်ပေးနိုင်မှု

ဥပမာ။ ။ အသက် (၃၀) အရွယ်ရှိ ဦးမောင်မောင်သည် သူ၏ဘဏ်ချေးငွေအတွက် Dai-ichi Credit Safe ကို ၂နှစ်စာ ဝယ်ယူခဲ့သည်။ သူ၏ချေးငွေပမာဏမှာ ကျပ်သန်း (၃၀) ဖြစ်ပြီး အတိုးနှုန်းမှာ သတ်မှတ်ထားသော ဘဏ်အတိုးနှုန်းအတိုင်း ဖြစ်သည်။ သူသည်အကျိုးခံစားခွင့်မတူသည့် အာမခံအစီအစဉ် (၂)ခုအနက် တစ်ခုကိုဆုံးဖြတ်ရွေးချယ်ရမှာဖြစ်ပါသည်။

ပရီမီယံပေးသွင်းမှုအနေဖြင့် အကယ်၍သူသည် ပုံသေအသက်အာမခံထားငွေပုံစံအတွက် ငွေကျပ် ၄၈၃,၀၀၀ (သို့မဟုတ်) အာမခံထားငွေကို တဖြည်းဖြည်းလျော့ချသည့်ပုံစံအတွက် ငွေကျပ် ၃၂၁,၀၀၀ ကိုပေးဆောင်ရမည်ဖြစ်ပြီး သူသည် အာမခံသက်တမ်း ၁ နှစ်ပြည့်ချိန်တွင် သေဆုံးခြင်း (သို့မဟုတ်) ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း ဖြစ်ခဲ့လျှင်

ပုံသေအသက်အာမခံထားငွေပုံစံတွင် စုစုပေါင်းအာမခံထားငွေ ကျပ်သန်း (၃၀)မှ ဘဏ်သို့ ပေးဆောင်ရမည့် ကျန်ရှိနေသော ချေးငွေပမာဏ (ဥပမာ - ကျပ်သန်း ၁၇.၁၅) ကို Dai-ichi Credit Safe အစီအစဉ်မှ ပေးဆပ်သွားမည်ဖြစ်ပြီး ကျန်ရှိသော ပမာဏကို အကျိုးခံစားခွင့်ရှိသူ (များ) ကို ပေးအပ်သွားမည်ဖြစ်သည်။

အာမခံထားငွေကို တဖြည်းဖြည်းလျော့ချသည့်ပုံစံတွင် ဘဏ်သို့ ပေးဆောင်ရမည့် ကျန်ရှိနေသောချေးငွေပမာဏ ကျပ်သန်း ၁၇.၁၅ ကို Dai-ichi Credit Safe အစီအစဉ်မှ ပေးဆပ်သွားမည်ဖြစ်ပါသည်။

